## **NCGUB** က စစ်အစိုးရနှင့်လက်တွဲလုပ်လိုကြောင်း ရေးသားချက်အား ဝန်ကြီးဦးဘိုလှတင့် ရှင်းလင်း
၂၅ ဇူလိုင် ၂၀၀၆

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB က 'မြန်မာနိုင်ငံကို စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်တာတွေ မလိုလားဘူး' ဆိုတဲ့ခေါင်းစဉ်နဲ့ မလေးရှားနိုင်ငံက Bernama သတင်းစာစဉ်မှာ တနင်္လာနေ့က ဖော်ပြထားပါတယ်။

NCGUB ရဲ့ ဝန်ကြီးတစ်ဦးဖြစ်တဲ့ ဦးဘိုလှတင့်က မလေးရှားနိုင်ငံက သတင်းစာရှင်းလင်းပွဲမှာ အခုလို ပြောဆိုသွားတာဖြစ်ပါတယ်။

သူက ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအရေး ဆုံးဖြတ်ချက်ချမယ်ဆိုရင် ပျော့ပျော့ပြောင်းပြောင်း ဖြစ်သင့်ပါတယ်။ NCGUB အစိုးရကလည်း မြန်မာစစ်အစိုးရနဲ့ အမြဲတမ်း ပူးပေါင်းဆောင်ရွက်ချင်ပါတယ်လို့ ပြောသွားတဲ့အကြောင်း သတင်းစာမှာဖော်ပြထားပါတယ်။

ဒီအကြောင်း ရှင်းရှင်းလင်းလင်း သိရအောင်လို့ NCGUB ဝန်ကြီး ဦးဘိုလှတင့်ကို ဗွီအိုအေက ဦးကျော်အောင်လွင်က ဆက်သွယ်မေးမြန်းကြည့်တော့ ဦးဘိုလှတင့်က အခုလိုစပြီးရှင်းပြပါတယ်။

ဦးဘိုလှတင့်။ ။ မြန်မာလိုအဓိပ္ပါယ်ပြန်ဆိုတဲ့ လူလည်းမှားမယ်။ သူရေးတဲ့ဟာကလည်း ကျနော် ပြောချင်တဲ့စကားလုံးကို ထိထိရောက်ရောက် သူဖော်ပြနိုင်တာ မတွေ့ရပါဘူး။

ဦးကျော်အောင်လွင်။ ။ *ဟုတ်ကဲ့။ ဒါဆိုရင် NCGUB ရဲ့ ရပ်တည်ချက်တွေဟာ ဘာမှ အပြောင်းအလဲမရှိဘူးပေါ့။*

ဦးဘို။ ။ ဘယ်တုန်းကမှလည်း မပြောင်းလဲခဲ့ပါဘူး။ တပ်မတော်နဲ့ လက်တွဲလုပ်ချင်တယ်ဆိုတာကလည်း အစကတည်းက NLD က အဲလိုကိုင်စွဲခဲ့သလို၊ ကျနော်တို့ကလည်း အစကတည်းက ကိုင်စွဲခဲ့တာဖြစ်တယ်။ ဒီကနေ့ တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ တပ်မတော်ရယ်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံရယ်၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရယ် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး အဖြေရှာတဲ့ နည်းသာလျှင် အကောင်းဆုံးဖြစ်တယ်ဆိုတာ ကျနော်တို့ ကုလသမဂ္ဂမှာ တင်ခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ ကျနော်တို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ ကြိုးပမ်းမှုတွေဟာ အဖွဲ့ဝင်နိုင်ငံအားလုံးက လက်ခံနိုင်တဲ့ ပျော့ပြောင်းတဲ့ ပထမအဆင့် ဆုံးဖြတ်ချက်တစ်ခု ချဖို့ဖြစ်တယ်။ အဲဒီဆုံးဖြတ်ချက်ရဲ့ ဦးတည်ချက်ဟာလည်းပဲ မြန်မာနိုင်ငံမှာ အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် ဦးတည်တဲ့ ဆုံးဖြတ်ချက်မျိုးပဲဖြစ်တယ်။ နအဖကို အရေးယူပိတ်ဆို့ဖို့ မဟုတ်သလို တိုင်းပြည်ကို ကျနော်တို့ အထီးကျန်ဆန်အောင် လုပ်မယ့် ဆုံးဖြတ်ချက်မျိုး မဟုတ်ဘူးလို့ ကျနော် ဒီလိုပဲ ပြောခဲ့တာဖြစ်ပါတယ်။"

ဦးကျော်။ ။ *ဟုတ်ကဲ့။ အခုန ပြောခဲ့တဲ့အထဲမှာ ဒီပျော့ပြောင်းတဲ့ဆုံးဖြတ်ချက်ဆိုတာ ဘယ်လိုဟာမျိုးလဲခင်ဗျ။*

ဦးဘို။ ။ ပျော့ပြောင်းတဲ့ ဆုံးဖြတ်ချက်ဆိုတာက ဒီကုလသမဂ္ဂလုံခြုံရေးကောင်စီလို့ ပြောလိုက်တာနဲ့ လူတွေက နိုင်ငံတကာက စီးပွားရေးအရ ပိတ်ဆို့အရေးယူမှာလား။ ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ကြီးတွေ စေလွှတ်မှာလားဆိုတဲ့ မျှော်လင့်ချက်ကြီးတွေ ရှိလေ့ရှိပါတယ်။ ပြီးတော့ ကျနော်တို့က အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် တရုတ်နိုင်ငံတို့၊ အိန္ဒိယနိုင်ငံတို့လို အိမ်နီးနားချင်းနိုင်ငံများနဲ့ လက်တွဲမှု ပူးပေါင်းဆောင်ရွက်မှု ရရှိဖို့ဆိုရင် ကျနော်တို့ ကြိုးပမ်းဆောင်ရွက်မှုတွေကို သူတို့ မှန်မှန်ကန်ကန် သိအောင်ပြောဖို့လိုပါတယ်။ ဒါကြောင့် ကျနော်တို့က မြန်မာနိုင်ငံမှာ ကျနော်တို့တောင်းဆိုနေတာက အရေးယူပိတ်ဆို့မှုတွေ မဟုတ်ပါဘူး။ အရှေ့တောင်အာရှနိုင်ငံများ ကိုယ်တိုင်ကပြောနေတဲ့ တရုတ်ကပါ သဘောတူထားတဲ့ အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီကနေပြီး

တော့ ဆုံးဖြတ်ချက်နဲ့ အတိအလင်းထုတ်ပြန်ပြီးတော့ အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရရှိရေး အတွက် ဦးတည်တဲ့ ဆုံးဖြတ်ချက်မျိုးတွေပဲ ဖြစ်သင့်တယ်။

ဦးကျော်။ ။ *သတင်းကိုကြည့်လိုက်တော့လေ မြန်မာစစ်အစိုးရနဲ့လည်း ပြည်သူတွေအတွက် အမြဲတမ်းတွဲပြီး လုပ်ချင်တဲ့ သဘောတွေရှိတယ်။ ဘာညာဆိုတော့ ဒီ NCGUB ရဲ့ ရပ်တည်ချက်ကိုက ပြောင်းလဲသွားတဲ့ အထိတောင် ဖြစ်သွားပြီလားလို့ ကျနော်တို့က*

ဦးဘို။ ။ အဲဒီလို မဟုတ်ပါဘူး။ ကျနော်တို့က တပ်မတော်နဲ့ လက်တွဲပြီးတော့ လုပ်ဖို့ဆိုတာက လည်း အစကတည်းက NLD ရဲ့ ရပ်တည်ချက်၊ NCGUB ရဲ့ ရပ်တည်ချက်ဖြစ်ပါတယ်။ Sanctions နဲ့ပတ်သက်လို့လည်း ကျနော်တို့က Pro-sanctions ဖြစ်တယ်။ စီးပွားရေးအရ အရေးယူပိတ်ဆို့ရမယ်။ ပိတ်ဆို့တယ် ဆိုတာက ဘာကြောင့်လည်းဆိုတော့ နအဖဟာ ဒီကနေ့အထိ ပြည်သူလူထုရဲ့ ရွေးကောက်ပွဲကနေ တရားဝင် ဖော်ပြထားတဲ့ မဲဆန္ဒတွေကိုသော်၎င်း၊ နိုင်ငံတကာရဲ့ ကုလသမဂ္ဂဆုံးဖြတ်ချက်တွေ၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှု၊ အားလုံးကို ငြင်းပယ်တယ်ဆိုရင်တော့ ပိတ်ဆို့အရေးယူရမယ်။

ဦးကျော်။ ။ *ဘယ်လိုသုံးသပ်လဲဗျာ။ အခုအာဆီယံရဲ့ မြန်မာပြည်အပေါ်ထားတဲ့ သဘောထားတွေ၊ ဘယ်လိုအခြေအနေတွေ ရောက်လာမယ်လို့ သုံးသပ်ပါသလဲ။*

ဦးဘို။ ။ ဒီအရှေ့တောင်အာရှနိုင်ငံများရဲ့ ပါလီမန်များမှာတော့ အင်မတန်မှ ရှင်းပါတယ်။ ၉ နှစ်တိတိ သူတို့ရဲ့ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုနဲ့ ပြုပြင်ပြောင်းလဲလာမယ်လို့ သူတို့မျှော်လင့်ခဲ့တာတွေ မဖြစ်တဲ့အခါမှာတော့ တော်တော်ကို စိတ်ပျက်လက်ပျက် ဖြစ်နေကြပါတယ်။ တချို့က အာဆီယံထဲက ထုတ်ပစ်သင့်တယ်ဆိုတဲ့ အထိတောင် ဖြစ်ကြတဲ့အခါမှာ ကျနော်တို့က ဒါဟာ ထုတ်ပစ်တယ်ဆိုတာ အာဆီယံအတွက် အကျိုးမရှိသလို မြန်မာနိုင်ငံအတွက်လည်း အကျိုးမရှိဘူးဆိုတာမျိုး ကျနော်တို့ပြောတာ ရှိပါတယ်။

ဟုတ်ကဲ့။ ဦးဘိုလှတင့် ကျေးဇူးအများကြီးတင်ပါတယ်။